# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၀)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၁၈-၁-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ※

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

# စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ

လောကတွင် လူတိုင်းပညာတတ်ဖြစ်စေရန် စာပေဗဟုသုတတို့ကို လေ့လာဆည်းပူးရမည်ဖြစ်သည်။ ပညာနှင့် ဆက်စပ်နေသော စာပေတို့ကို ခံမင်နှစ်သက်စွာဖြင့် ဖတ်မှတ်ရမည်ဖြစ်သည်။ စာပေတွင် လူ့ဘဝအတွေ့အကြုံများက ရရှိသည့် ဘဝ၏ အတွေ့အမြင်များပါရှိနေသည်။ စာဖတ်ခြင်းဖြင့်လည်း အသိဉာဏ်ပညာ ယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်လာမည်ဖြစ်သည်။

လူတိုင်း၊ လူတိုင်း ငယ်စဉ်အရွယ်ကတည်းက ကမ္ဘာကျော်ပုဂ္ဂိုလ်များအကြောင်းကိုဖတ်မိလျှင် မိမိ၏ရည်မှန်းချက်များ ထက်သန်လာမည်ဖြစ်သည်။ မိမိကိုယ်တိုင် ကြီးပွားတိုးတက်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထိုသူများ၏ထံမှ ဘဝနှင့်ပတ်သက်သည့် နေထိုင်နည်းများကို ရရှိလာစေမည်ဖြစ်သည်။ ကျောင်းသားလူငယ်များအဖို့ စာဖတ်ခြင်းသည် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေသည်။ တွေးတောဆင်ခြင်နိုင်သည့် စွမ်းရည်ကို မြင့်မားစေနိုင်သည်နှင့်အမျှ ကောင်းမှုနှင့် မကောင်းမှု၊ အမှန်နှင့်အမှားတို့ကို ခွဲခြားသိမြင်နိုင်စေသည်။ စာဖတ်ခြင်းက ဗဟုသုတကြွယ်ဝစေရုံသာမက စကားလုံးဝေါဟာရများကိုလည်း တိုးပွားစေရာ စာများများဖတ်သူသည် စကားပြောရာတွင်လည်း လိမ္မာပြေပြစ်စွာ၊ ပညာသားပါပါ၊ ချိုချိုသာသာ ပြောနိုင်စွမ်းရှိကြသည်။ ကျောင်းသားလူငယ်ဘဝတွင် စာဖတ်ခြင်း အလေ့အကျင့်ကောင်းကို စွဲမြဲစွာ ရရှိသွားပါက ကျန်သည့်အရွယ်သုံးပါး ဘဝတစ်လျှောက်လုံးတွင် တစိုက်မတ်မတ် စာဖတ်သွားကြမည်ဖြစ်သည်။

ထို့ပြင် ငယ်ရွယ်စဉ်ကတည်းက တန်ဖိုးရှိသော အချိန်များကို စာဖတ်ရှုခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများက များလှပါသည်။ လူ့ဘဝကို ရောက်ရှိလာသူတိုင်းသည် လူ့လောကတွင် ရပ်တည်ရှင်သန်နိုင်ရန် အသိအလိမ္မာ၊ ဗဟုသုတနှင့်ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းရှိသော အရည်အချင်းများအတွက် စာပေဖတ်ရှုလေ့လာရမည်ဖြစ်သည်။ ကျောင်းသားတိုင်း ငယ်ရွယ်စဉ်ဘဝမှ တက္ကသိုလ်အထိ ပညာသင်ကြား ဘဝတစ်လျှောက်လုံး သတ်မှတ်ထားသော သင်ရိုးစာများသာမက လက်လှမ်းမီရာ ဖတ်သင့်ဖတ်ထိုက်သော စာများကို ရွေးချယ်ဖတ်ရှုသင့်ပါသည်။ ယနေ့အချိန်အခါသည် အတတ်ပညာအသစ်များ၊ နည်းပညာအသစ်များ တိုးပွားလျက်ရှိသည်။ ခေတ်နှင့်အညီ ရင်ပေါင်တန်းသိရှိနိုင်ရန်အတွက် အပြိုင်အဆိုင်ကြိုးစားနေကြရသည်။ ကွန်ပျူတာအတတ်ပညာ၊ သတင်းအချက်အလက်နည်းပညာနှင့်ဘာသာစကားများကို တတ်ကျွမ်းနားလည်ဖို့လည်း လိုအပ်မည်ဖြစ်သည်။ လူတိုင်း ငယ်ရွယ်စဉ်ကတည်းက စာဖတ်စွမ်းအားများပါမှ အရွယ်ရောက်လာသောအခါ အသိအလိမ္မာစွမ်းရည်မြင့်မားပြီး ဆင်ခြင်နိုင်စွမ်းရည် ပိုမိုပြည့်စုံစေမည်ဖြစ်သည်။ စာဖတ်ခြင်း အလေ့အကျင့်သည် ဖြေးဖြေးချင်း ပျိုးထောင်ယူရသော အလေ့အကျင့်ကောင်းဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ခေတ်သည် ပညာခေတ်၊ စာပေလေ့လာလိုက်စားမှုများကို အလေးထားသောခေတ်ဖြစ်သည်နှင့်အညီ စာပေဖတ်ခြင်း၏ အကျိုးကျေးဇူးများသိရှိနိုင်အတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စာသင်ကျောင်းများတွင် ကျောင်းသားလူငယ်များကို စာဖတ်ခြင်းအလေ့အကျင့်များ ပြုစုပျိုးထောင်နိုင်အောင် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်များ၊ လူငယ်စကားဝိုင်းများ၊ စာပေဟောပြောပွဲများ ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# သတင်းစာပညာမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဆင်းပွဲအခမ်းအနား ကျင်းပ




**မန္တလေး ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံစာရေးဆရာအသင်း အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူး၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဝန်ထမ်းများ သတင်းစာပညာမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက မန္တလေးနေ့စဉ် သတင်းစာတိုက် သင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦး၊ ဌာနခွဲမှူး ဒေါ်ခင်အုန်းမြင့်၊ သတင်းစာဌာနခွဲမှူး ဒေါ်စန္ဒာကိုလေး၊ စာတည်းမှူး ဦးအောင်မင်းဦး(ဌာနစုမှူး)၊ ဌာနစုမှူး ဦးလှဘုန်း၊ ဌာနစုမှူး ဦးမိုးဟိန်းထွန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်ကကိုရွှေမော်)နှင့် စာရေးဆရာများ၊ ဓာတ်ပုံပညာရှင်များ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဌာနမှူး ဦးတင်ထွန်းဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေကျပ် (၅)သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမော်စန်း၊ ဘဏ္ဍာရေးမှူး ဦးမောင်မောင်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ ဌာနမှူးက နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဌာနခွဲမှူး ဒေါ်ခင်အုန်းမြင့်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး မန္တလေးနေ့စဉ်သတင်းစာဌာနခွဲမှူး ဒေါ်စန္ဒာကိုလေး က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဝန်ထမ်းများ သတင်းစာပညာမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)၏ သင်တန်းကာလမှာ(၆-၁-၂၀၂၅)ရက်မှ(၁၇-၁-၂၀၂၅)ရက်ထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၃)

# မဟာအောင်မြေမြို့နယ်တွင် ဗလငါးတန်နှင့် ပြည့်စုံစေရန် စာဖတ်ရှုန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ် "ဇေယျာသီရိ" ဘုန်းတော်ကြီးသင် မူလတန်းကျောင်း၌ ယနေ့ မွန်းလွဲပိုင်းက စာဖတ်ရှုန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ "ဇေယျာသီရိ" ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ဆရာတော်ဘဒ္ဒန္တ ဦးသုဇာတက သြဝါဒစကားပြောကြားခဲ့ပြီး မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ဘုန်းတော်ကြီးသင်မူလတန်းကျောင်း၌ ပညာသင်ယူနေသော အနာဂတ်လူငယ်မျိုးဆက်သစ်များကို စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင် မွေ့လျော်ကာ မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်နှင့် မူယစ်ဆေးဝါးကို စမ်းသပ်မသုံးစွဲမိစေရန် မူးယစ်ဆေးဝါးသည် အလွန်အန္တရာယ်ကြီးမားကြောင်း၊ ကျောင်းပညာရေးကိုသာ အဓိကထားသင်ယူသင့်ကြောင်းစသည့် အသိပညာဗဟုသုတရရှိစေရန် စာဖတ်ရှုန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က စာဖတ်ခြင်း၏အကျိုးကျေးဇူးအကြောင်းကို ဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

အောင်စော်မင်း

# လေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ Talk Show ပြုလုပ်

**အမရပူရ ဇန်နဝါရီ ၁၇**

အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူ ဗဟုသုတရရှိစေရန်ရည်ရွယ်ပြီး online မှတစ်ဆင့် အသိပညာများကို ဖြန့်ဝေလျက်ရှိရာ ယမန်နေ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး လေထုညစ်ညမ်းမှုအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် Talk Show ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟိန်းမင်းထွန်းက လေထုညစ်ညမ်းမှု၏ အဓိပ္ပာယ်၊ လေထုညစ်ညမ်းမှုဖြစ်ပွားစေသည့်အချက်များ၊ လေထုညစ်ညမ်းမှုကြောင့် ခံစားရမည့်ရောဂါများ၊ လေထုထဲရှိ ရောဂါပိုးမွှားများအကြောင်း၊ လေထုညစ်ညမ်းမှု လျှော့ချနိုင်မည့်နည်းလမ်းများနှင့် ဌာနက ဆောင်ရွက်လျက်ရှိသောအခြေအနေများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

စိုးသီဟ(အမရ)

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

※ ရွှေဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတာဝန်ယူ ဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ် ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သုံးသပ်ကြည့်စေလိုကြောင်း။

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း နောက်တွင်မကျန်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

## နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လို

နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် KG + 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro Base Industry) ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျ စိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက်ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သော မြန်မာ့ယဉ်ကျေးမှု အတတ်ပညာရပ်များကို ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဥပမာအားဖြင့် ယွန်းအတတ်ပညာကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအတတ်ပညာများကို တတ်မြောက်သည့် ယွန်းအတတ်ပညာရှင်များလည်း စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက်အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့်ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်များကိုလည်း ထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးစီမံ ဆောင်ရွက်လျက်ရှိကြောင်း။

## ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို

ကျောင်းနေအရွယ် ကျောင်းသားကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပမိရုပ်များ ကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ ဆရာ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး၊ ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးထားကြောင်း၊ ဆရာ ဆရာမများအား အသိအမှတ်ပြုရန်၊ ချီးမြှင့်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်အတွင်း ကျောင်းပေါင်းစုံအားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုချစ်သည့်စိတ်၊ နိုင်ငံတော်ကို ကာကွယ်လိုသည့်စိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေကြစေလိုကြောင်း။

## လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များအရ လူဦးရေအနေဖြင့် ကျဆင်းလျက်ရှိပြီး ၅၁ သန်းကျော်ခန့်သာရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများပြားလာခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုများရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လူဦးရေကျဆင်းမှုကြောင့် ပြည်တွင်းလုပ်သားများ ရှားပါးလာကြောင်း၊ အလားတူရွေးကောက်ပွဲ ကျင်းပရာ၌လည်း အတိုင်းအတာတစ်ခုအနေဖြင့် သက်ရောက်မှုများရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမျိုးဖြစ်ရန်အတွက် ဖိဖိစီးစီးဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီလွှတ်တော်အစည်းအဝေးလုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ※

- ❖ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ
- ❖ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများမြင့်မားစေရေး ဆောင်ရွက်သွားရန်လို
- ❖ မိမိတို့အစိုးရတာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပမိရုပ်များကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ ဆရာ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး၊ ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးထား

☆ မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်

☆ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်

☆ ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို

☆ ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်

※ စာမျက်နှာ ၃ မှ

**ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများကို အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်ပိုမိုရရှိလာပြီး လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်**

မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ယခင်ထက်ပိုမိုထုတ်လုပ်လာနိုင်သည်ကို တွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့်ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသည့် ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီး ဖြစ်သဖြင့် ယခုထက် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများ တင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန် ရောင်းအားမြှင့်တင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း **MSME ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီး ထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်**ကြောင်း၊ ဒေသတွင်းနေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် မည်ဆိုပါက အသားငါးများ ဈေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြည်သူများ၏ကျန်းမာရေး ကဏ္ဍမြှင့်တင်ရေး အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များ မရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအဆောင်များကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသနှင့်နိုင်ငံ၏အကျိုးနှင့်ပတ်သက်ပါက ပြောသင့်ပြောထိုက်သည်များကို မဖြစ်မနေပြောဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တွန်းတွန်းတိုက်တိုက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုပြီး ရည်မှန်းချက်များကို ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ဧကလျာထားမှုနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး တိုးချဲ့စိုက်ပျိုး ဆောင်ရွက်ထားမှုအခြေအနေများ၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ကြားသင်ယူမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု ပိုမိုလွှမ်းခြုံနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အသားငါးကဏ္ဍ ဖူလုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ စက်မှုဇုန်များ တိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားမှုများ၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကောက်ခံရရှိမှု အခြေအနေများ၊ ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားငွေရရှိမှု အခြေအနေများ၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု အခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်နေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် သုံးစွဲမှုအခြေနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကဏ္ဍအလိုက် ချေးငွေများ ထုတ်ချေးပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင်လည်း အောင်မြင်နေသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး ယခင်ကလည်း အရေးပေးဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအဝေးသင်ပညာရေး စနစ်တွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများ အလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့် အရင်းအနှီးကြီးမားစွာ ဆောင်ရွက်ရန်မလိုသည့်စက်ဘီး၊ ဆိုင်ကယ်တို့တွင် အသုံးပြုသည့် တာယာနှင့် ကျွတ်များ အများအပြား ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့်လည်း အရည်အသွေးမြင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများအနီးတွင် ရှိသည့်ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ **နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်စီစဉ်ဆောင်ရွက်**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သည့် **အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းများကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေး၊ အခြေခံပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

☆ MSME ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန် မြှင့်တင်ပေးသွားမည်

☆ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေး သွားမည်

✣ စာမျက်နှာ ၂၄ မှ

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်တွင်းမှပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခုထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

အခွင့်အလမ်းများ ရရှိစေရန် ကျင်းပခြင်းဖြစ်

ထို့အပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန်အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများသိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့် ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှတစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလို ချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များ ရယူနိုင်မည့်အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့်အလမ်းများ ရရှိစေရန် ကျင်းပခြင်းလည်းဖြစ်ကြောင်း။

MSME ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ထုတ်လုပ်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင် Customer Behavior Changes၊ Technology၊ Information၊ Investment၊ Market Trend များ ပြောင်းလဲလာမှုကိုလည်း သိရှိနားလည်နိုင်ရန် ဆွေးနွေးပွဲများထည့်သွင်းပေးခြင်း၊ Digital စနစ် ကူးပြောင်းနေမှု၊ Online Banking စနစ် ဆောင်ရွက်နေမှုတို့အား သိရှိနားလည်လာစေပြီး ကုန်ပစ္စည်း ဝယ်ယူ/ ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင် ပစ္စည်းဝယ်ယူမှုစနစ်မှ Online Marketing စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက်ပြည်သူများ၏ နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများ စသည်တို့ကို သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကို သိရှိပြီး လိုက်ပါ




**❖ Digital စနစ်ကူးပြောင်းနေမှု၊ Online Banking စနစ် ဆောင်ရွက်နေမှုတို့အား သိရှိနားလည်လာစေပြီး ကုန်ပစ္စည်းဝယ်ယူ / ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင်ပစ္စည်းဝယ်ယူမှုစနစ်မှ Online Marketing စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက် ပြည်သူများ၏ နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများ စသည်တို့ကို သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည်**

**❖ ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကို သိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက Online Marketing နှင့် Online Payment စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မည်**

ဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက Online Marketing နှင့် Online Payment စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ကြိုးစားဆောင်ရွက်

ထို့အပြင် MSME ပြပွဲ၊ ပြိုင်ပွဲများမှတစ်ဆင့် ထွက်ရှိလာသည့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့် အရည်အသွေးမီကုန်ပစ္စည်းများကို ပြည်ပသို့ ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် တင်ပို့မည့်နိုင်ငံများ၏ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှုစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့ မိမိထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင် General Administration of Customs of the People's Republic of China(GACC) ရရန် လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များ သိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**❖ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် တင်ပို့မည့်နိုင်ငံများ၏ ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှု စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့ မိမိထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင် General Administration of Customs of the People's Republic of China (GACC) ရရန် လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်**

**❖ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များ သိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရမည်**

ယခုကျင်းပသည့် MSME ပြပွဲ၊ ပြိုင်ပွဲသည် လုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခင်ကျင်းပပြုလုပ်ခဲ့သည့် အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့်အစီအစဉ်များ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်များတွင် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မုခ်ဦးနှင့် ပြခန်းများ တည်ဆောက်ရေးဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၁ မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လဟယ်မြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ခန္တီးမြို့ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၇

လဟယ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ တောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့အတူ လဟယ်မြို့ နှစ်ခြင်းခရစ်ယာန်အသင်းသို့ သွားရောက်ခဲ့ပြီး သိက္ခာတော်ရ ဆရာတော် ဦးအထွန်းနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နာဂယဉ်ကျေးမှုပြတိုက်ခန်းမ၌ လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက နာဂဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီများမှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးစေလိုမှုအခြေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့မှ ခန္တီးမြို့သို့ရောက်ရှိကြပြီး ခန္တီးမြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံရာ ခန္တီးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး က အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြ၍ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က လိုအပ်သည်များကိုရှင်းလင်းဆွေးနွေးပြောကြားကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ နယ်မြေခံတပ်နယ်ခန်းမသို့ သွားရောက်၍ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်ရန် ဘားအံမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်း ရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိလာသည့် မွန်ပြည်နယ် အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄) သို့ တက်ရောက်မည့် သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

# ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေး

## စက်ရုံတည်ဆောက်ရာတွင် အင်ဂျင်နီယာကောင်စီမှလည်း နည်းပညာဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ပေးကြရမည်





နေပြည်တော် ဇန်နဝါရီ ၁၇

ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် ဖွဲနုဆီများ စနစ်တကျ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ကျင့်စဉ်များ (Code of Practice for Construction and Operation of Rice Bran Oil Mill) နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ အစားအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်းတို့မှ တာဝန်ရှိသူများ၊ ဖွဲနုဆီစက်များ တည်ထောင် ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဖွဲနုဆီစက်များသည် ယခင်က ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တည်ရှိခဲ့ပြီး နိုင်ငံပိုင်စက်ရုံများဖြစ်သောကြောင့် စက်မှုမှတ်ပုံတင်ပြုလုပ်ရန် မလိုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်ထားသောအင်ဂျင်နီယာများဖြင့် ကြီးကြပ်လည်ပတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစက်ရုံများကို စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာစစ်ဆေးခြင်း၊ လျှပ်စစ်စစ်ဆေးခြင်းများသာ ဆောင်ရွက်ခဲ့ကြောင်း။

ဖွဲနုဆီထုတ်လုပ်မှု နည်းစဉ်အရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများ သုံးစွဲရခြင်းကြောင့် မီးလောင်ပေါက်ကွဲမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာ လည်ပတ်ဆောင်ရွက်နိုင်စေရန်အတွက် အသစ်တည်ဆောက်မည့် ဖွဲနုဆီစက်များနှင့် ဆီသန့်စက်ရုံများအား တတ်သိနားလည်ကျွမ်းကျင်သူများဖြင့် တည်ဆောက်ကြရန် လိုအပ်ကြောင်း၊ စက်ရုံတည်ဆောက်ရာတွင် အင်ဂျင်နီယာကောင်စီမှလည်း နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ပေးကြရ မည်ဖြစ်ကြောင်း၊ သို့မှသာ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများလုံခြုံဘေးကင်းရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု ရေရှည်တိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအခါ အသစ်တည်ဆောက်မည့် ဖွဲနုဆီစက်၊ စားသုံးဆီသန့်စင်စက်ရုံများနှင့်ပတ်သက်၍ စီမံကိန်း အတည်ပြုချက်ရရှိရန် တင်ပြသည့်အခါ ဆက်စပ်ဘာသာရပ်ဖြစ်သည့် ဓာတုအင်ဂျင်နီယာများမှ အတည်ပြုပေးရ မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် စိစစ်သည့်အခါ အချိန်တိုတိုအတွင်းဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ သတ်မှတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကနှင့် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့မှ ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ ရေးဆွဲရေးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံတွင် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် ရေးဆွဲထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသူများက ဖွဲနုဆီစက် တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များတွင် ပါဝင်သင့်သည့် အချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စဉ့်ကိုင်မြို့နယ်ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ စာအုပ်၊ စာစောင်များအား (အခမဲ့)လိုက်လံငှားရမ်းပေး

စဉ့်ကိုင် ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက် လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်နှင့် ဝန်ထမ်းများက မြို့နယ်မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက်(Mobile Library)စနစ်ဖြင့် သုတ၊ရသစုံလင်သည့် စာအုပ်၊စာစောင်များ(အခမဲ့) ငှားရမ်းပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများအား တစ်ဦးလျှင် စာအုပ် နှစ်အုပ်ဖြင့် ခုနစ်ရက်ကြာ ဖတ်ရှုနိုင်ကြောင်းနှင့် အသင်းဝင်အသစ်များကို အသင်းဝင်စာငှားကတ်များ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ (အောက်ပုံ)

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် အပတ်စဉ် လိုက်လံငှားရမ်းပေးသွားမည်ဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူတိုင်း(အခမဲ့) အသင်းဝင်ရောက်ပြီး အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ (၃၉၉)



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထက်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဥက္ကဋ္ဌရုံးဝန်ကြီးဌာန ( ၃ ) |
| (ခ) | ဦးကျော်စိုးမိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ဦးမျိုးကျော်သူ<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |

ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း အဓိကမြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါကာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်းနှင့် ၁၀၁ သိပ္ပံလမ်းမကြီးအကြား ၆၆လမ်းတစ်လျှောက် အဓိကမြို့တွင်း လမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကတ္တရာလမ်းပေါ်တင်နေသော သဲ၊ ဖုန်များအား (Bobcat)တံမြက်စည်းလှဲယာဉ် (၂)စီး၊ ရေကား(၂)စီး၊ သန့်ရှင်းရေးလုပ်သား (၂၀)ဦးတို့ဖြင့် ရေဆေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က မြို့ပေါ်အဓိကလမ်းမကြီးများတွင် ပြည်သူများ ကျန်းမာရေးအတွက် သဲ၊ ဖုန် ကင်းစင်ပြီး သန့်ရှင်းသော လေထုရရှိစေရန်အတွက် လစဉ်ရေဆေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်သွားလာမှုနှင့် လမ်းအသုံးပြုမှုအလွန်များပြားသည့် မြို့ပေါ်အဓိကလမ်းမကြီးများကို အဓိက ဦးစားပေး၍ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်ရာ၌ လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းလွှဲများ စနစ်တကျ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းကို လမ်းတံတားဌာန တာဝန်ခံ အင်ဂျင်နီယာအား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင်ရှိ မြို့တော်ဝန်ရုံးခန်းတွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၇၅(B)လမ်း၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား ကတ္တရာခင်းခြင်းနှင့် ရေမြောင်းပြုလုပ်ခြင်း၊ ကိုလံဘိုမြောင်းနှင့် ကတ္တရာလမ်းကြားတွင် ကျောက်ရိုးစီခြင်း (၂၂×၆၀၀)ပေအရှည်ကတ္တရာလမ်းအား တန်ဖိုးငွေကျပ် သိန်း(၃၅၀၀)အကုန်ကျခံ၍ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းသော အလှူရှင် ဒေါ်ရွှေငွေး(CHANG TAI CONSTRUCTION DECORATION ENGINEERING CO, LTD)အား လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အဆိုပါလှူဒါန်းပွဲသို့ မြို့တော်ဝန်နှင့် အတူ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ လမ်းတံတားဌာန ဌာနမှူး ဦးစိုးနိုင်းသိန်း၊ အလှူရှင်မိသားစုဝင်များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀





- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## မြို့သာယာလှပရေးအတွက် ရေဆိုးထုတ် အုတ်ရေမြောင်းများ တူးဖော်ဆောင်ရွက်ပေး

**မြစ်သား ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ မြို့မအရှေ့ရပ်ကွက် လမ်းမကြီးဘေးတစ်ဖက်တွင် မိုးရာသီကာလအတွင်း ရေကြီး၊ ရေလျှံမှုများမဖြစ်ပေါ်စေရန်နှင့် ရေမြောင်းပိတ်ဆို့မှုမရှိစေရန် ရည်ရွယ်၍ ရေဆိုးထုတ် အုတ်၊ ရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်သားမြို့ မြို့မအရှေ့ရပ်ကွက် လမ်းမကြီးဘေးတစ်ဖက်တွင် ရေစီးရေလာကောင်းမွန်မှုမရှိခြင်းကြောင့် လမ်းမပေါ် ရေတင်ကာ ရပ်ကွက်နေပြည်သူများသွားလာရေးအခက်အခဲဖြစ်နေသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ယူ၍ ရေဆိုးထုတ်အုတ်ရေမြောင်းများပြုလုပ်ကာ အရှည် ၁၈၀ ပေရှိ၊ အကျယ် ၃ ပေ၊ အနက် ၁ ပေခွဲ တူးဖော်ဆောင်ရွက်လျက်ရှိပြီး ရေစီးရေလာကောင်းမွန်စေရန် ရေဆိုးထုတ်အုတ်ရေမြောင်း တူးဖော်၍ ဆောင်ရွက်ပြီးစီးပါက မိုးတွင်းကာလတွင် လူနေအိမ်များအတွင်း ရေကြီး ရေလျှံမှုများ ကင်းဝေးစေမည်ဖြစ်ကာ ရေတိုက်စားမှုကြောင့်လမ်းပျက်စီးမှုများလည်း လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



(ဓါတ်ပုံ)

**ဝင်းမင်းထွန်း(မြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀

## သာစည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများနှင့် နွေစပါးစံပြကွက်စိုက်ပျိုးမည့် နေရာတို့အား ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**သာစည် ဇန်နဝါရီ ၁၇**

မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၊ စိုက်ပျိုးရေပေးဝေမှု အခြေအနေများနှင့်နွေစပါး စံပြကွက်စိုက်ပျိုးမည့်နေရာတို့အား ဇန်နဝါရီ ၁၆ ရက်က ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များသည် အောင်သာကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူများနှင့်တွေ့ဆုံပြီး ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆွေးနွေးကာ တောင်သူများ၏တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်ပြီး တောင်သူ ဦးဝင်း၏ YSR-1 မျိုးစပါး သဘာဝမြေဩဇာထည့်သွင်းအသုံးပြုခြင်း စံပြကွက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးခဲ့ပြီး ကြာဘက်ကုန်းကျေးရွာ၌ စိုက်ပျိုးထားသော ရေဆင်း(၃)မျိုး ဆောင်းကုလားပဲစံပြကွက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုခဲ့ကြောင်းသိရသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် သက်တော် ရေလှောင်တမံ(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသူရအောင်က စိုက်ပျိုးရေ ပေးဝေမှုအခြေအနေများနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘိုကုန်းကျေးရွာ၌ နွေစပါးစံပြကွက်ဧက(၅၀)စိုက်ပျိုးမည့် မြေဧရိယာတွင် သဘာဝမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးထားမှုကို သွားရောက် ကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၇)**

၀-၀-၀-၀



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၃ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က Talk Show ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကလေးသူငယ်အခွင့်အရေးများ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေတို့အား တွေ့ဆုံမေးမြန်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်မြတ်သူက ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကလေးသူငယ်များအပေါ် ခွဲခြားဆက်ဆံမှုများပပျောက်ရေး၊ ကလေးသူငယ်များ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်တို့ ပါဝင်သည့် အခွင့်အရေးများရရှိစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကလေးသူငယ်များအား အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရ၍ အန္တရာယ်ကျရောက်လာပါက လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိတ်ဖက် NGOs လူမှုအဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ ဖြစ်ရပ်မှန် ဆန်းစစ်အတည်ပြုခြင်း၊ ကူညီကယ်တင်ခြင်း၊ယာယီစောင့်ရှောက်မှုပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၅၀၄)






## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**အောင်လံ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် "အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ" ကို ကျင်းပရခြင်းဖြင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအား သိရှိနားလည်ပြီး ရှောင်ကြဉ်နိုင်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းအား နယ်ပယ်ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပိုမိုအားကောင်းလာပြီး တစ်ဦးတစ်ယောက်ချင်းမှစ၍ အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများကို ရှောင်ကြဉ်ခြင်းဖြင့် အဂတိလိုက်စားမှုကို လျှော့ချလာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီထွန်းက အဂတိလိုက်စားမှု ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်အကြောင်း၊ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး ဦးသိန်းဇော်က အဂတိလိုက်စားမှုနှင့် လူဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာလုပ်ငန်းများဆက်စပ်ပတ်သက်ဆောင်ရွက်ချက်အကြောင်း၊ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ဒုတိယခရိုင်ဥပဒေအရာရှိ ဦးအောင်မောင်မောင်က အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပုဒ်မများအကြောင်း ဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်စာရင်းစစ်ရုံးမှ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝေက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ခေတ္တခရိုင်ဦးစီးမှူး ဦးသိန်းဦးက အခွန်ရှောင်ရှားခြင်း၊ တိမ်းရှောင်ခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်ကြောင်း၊ ခရိုင်အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (CPU)အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၄ ရက်တွင် ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် မင်းတုန်းမြို့၊ ပုသိမ်-မုံရွာကားလမ်းအနီး၌ တရားမဝင် စက်သုံးဆီဓာတ်ဆီဂါလန် ၂၀၊ ဒီဇယ်ဂါလန် ၂၀နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၁၄ရက်နှင့် ၁၅ ရက်တို့တွင် အကောက်ခွန် ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Renault Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၃၆၆/၆)၊ တံခွန်တိုင်အပိုင်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးနှင့် Scania Bus တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်းဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

## ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ငါးလုံး ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့များက ဇန်နဝါရီ ၁၅ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့်ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်ငါးလုံး ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်းများကြောင့် အဆိုပါ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ ဖြစ်စဉ်လွဲမှားနေသည့် သတင်းများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# မန္တလေးနည်းပညာတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားများ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးနည်းပညာတက္ကသိုလ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ် စုဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားအကများနှင့် တေးသရုပ်ဖော် သီဆိုကပြမှုများကို ကြည့်ရှုအားပေး၍ ကပြဖျော်ဖြေခဲ့သည့် အဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆေးဝါးသိပ္ပံပညာ ပထမနှစ်(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ







**မန္တလေး ဇန်နဝါရီ ၁၇**

ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆေးဝါးသိပ္ပံပညာပထမနှစ်(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမဆောင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဆေးဝါးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်၊ ပါမောက္ခနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ ပထမနှစ်သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားကို "ဂုဏ်ယူဝင့်ကြွား တို့ဆေးဝါး" သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဆေးဝါးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာသိန်းမေစောက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဆေးဝါးသိပ္ပံသင်တန်း ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဆေးဝါးသိပ္ပံပညာ ပထမနှစ်သင်တန်းမှ မောင်မယ်သစ်လွင်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် ဝန်ကြီးများက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ဆေးဝါးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်၊ ပါမောက္ခထံသို့ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများ၏ ရိုးရာယဉ်ကျေးမှုအက၊ တိုင်းရင်းသားရိုးရာအက၊ အလှများ၊ ခေတ်သီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ပြီး ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေး Talk Show ကျင်းပ

**နတ်မောက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက မသန်စွမ်းမှုအကြောင်း အသိပညာပေး Talk Show ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာခင်(ဦးစီးအရာရှိ)နှင့် ဒေါ်ဖြိုးအိအိဇော်(ငယ်/ရေး)တို့က ဆွေးနွေးရာတွင် မသန်စွမ်းမှုမှာ လူ့ဖြစ်တည်မှုနှင့်အတူ အစဉ်အမြဲရှိလာခဲ့သော သဘောတရားဖြစ်ပြီး သမိုင်းတစ်လျှောက် မတူညီသော လူမှုအသိုင်းအဝိုင်းအမျိုးမျိုးအတွင်း ယဉ်ကျေးမှုလေ့ထုံးစံ၊ ဘာသာရေးယုံကြည်မှုကွဲပြားမှုအလိုက် အချိန်နှင့်တကွ မသန်စွမ်းသူများအပေါ် ပုံစံမျိုးစုံနှင့်တုံ့ပြန်ဆက်ဆံခဲ့ကြသော သမိုင်းများ အထင်အရှားတည်ရှိနေပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းမှုနှင့်ဆိုင်သော အပြုသဘောဆောင်သည့် ဝိသေသလက္ခဏာထွန်းကားလာပြီး နိုင်ငံသားအခွင့်အရေးအပြည့်အဝခံစားရစေဖို့ဆောင်ရွက်ထားရှိပါကြောင်း၊ လူတိုင်းတွင် ချို့ယွင်းချက်၊ အားနည်းချက် ကိုယ်စီရှိကြသဖြင့် မျက်စိနှင့်မြင်နိုင်သော အားနည်းချက်နှင့် မမြင်နိုင်သော အားနည်းချက်သာ ကွာခြားပါကြောင်း၊ အားနည်းချက်ကိုသာမကြည့်ဘဲ အားသာချက်ကိုလည်း ကြည့်ရမှာဖြစ်ပါကြောင်း၊ အားသာချက်များကို ကြည့်ရှုနိုင်မည်ဆိုလျှင် မသန်စွမ်းသူများ၏ တန်ဖိုးနှင့် စွမ်းဆောင်နိုင်မှုများကို ရှာဖွေတွေ့ရှိလာမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မှုမှုစန်း**

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**အောင်လံ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီမှ တာဝန်ခံ ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဖြန့်ဝေခဲ့သည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်)၊ ဥပဒေပုဒ်မ ၁၀၁(ခ)၊ ကလေးအလုပ်သမား ဆိုသည်မှာ ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတန်မီ ကျောင်းမှ မဖြစ်မနေထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သောအလုပ်ကို အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရည်မှန်းချက် (၆)ရပ်၊ "စာသင်ခန်းတွင် ပညာသင်ကြားနေကြရမည့်အရွယ်ကလေးသူငယ်များ စားဝတ်နေရေးအလို့ငှာ လုပ်ငန်းခွင်ထဲသို့ ရောက်ရှိနေကြခြင်းမှာ ကလေး၏အနာဂတ်ကို သာမက နိုင်ငံ၏ အနာဂတ်ကိုပါ ထိခိုက်နစ်နာစေသည်" စသည့်အကြောင်းအရာများ၊ ဆောင်ပုဒ်များ၊ ကာတွန်းသရုပ်ပြပုံများ၊ မှတ်တမ်းဓာတ်ပုံများ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။



(ဓါတ်ပုံ)

**အာကာ(ပြန်/ဆက်)**



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-5 သင်ရိုးသစ်၊ စာမေးပွဲဆိုင်ရာ သင်တန်းဖွင့်လှစ်

**မောက်မယ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတမြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အခြေခံမူလတန်းအဆင့် Grade-5 သင်ရိုးသစ်၊ စာမေးပွဲဆိုင်ရာနှင့် ပတ်သက်၍ နောက်ဆက်တွဲသင်တန်းဖွင့်လှစ်ခြင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဈေးတန်း၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါနောက်ဆက်တွဲသင်တန်းတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသူရအောင်က အမျိုးသားပညာရည်စစ်ဆေးတိုင်းတာခြင်းကို စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍ(၄)ရပ်ဖြစ်သော အတန်းတွင်းစစ်ဆေးခြင်း၊ ကျောင်းအခြေပြုစစ်ဆေးအကဲဖြတ်ခြင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပြီးမြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် နမူနာအခြေပြုသင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ထားသည့်အတွက် အတန်းကူးပြောင်းမှုရရှိဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပြန်ထားသော စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းလုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံမူလတန်းအဆင့် Grade-5 အတွက် သင်ယူမှုရလဒ်ပြဇယား၊ နမူနာမေးခွန်းအတွက် အသေးစိတ်အညွှန်းဇယား၊ စာမေးပွဲနမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းများကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့် နောက်ဆက်တွဲဆွေးနွေးပွဲ သင်တန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ နောက်ဆက်တွဲသင်တန်းတွင် မောက်မယ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-5 သင်ကြားနေသည့် ဆရာ၊ ဆရာမ ၁၆၆ ဦး တက်ရောက်ကြပြီး နည်းပြ ၁၁ ဦးတို့မှ ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ရှင်းလင်းဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

# အားကစားပြိုင်ပွဲများအလိုက် ဆုရအသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် (အမျိုးသား၊ အမျိုးသမီး) စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ (အမျိုးသား၊ အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ၊ (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲနှင့် (အမျိုးသား၊ အမျိုးသမီး) ရေကူးပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲများအလိုက် ဆုရအသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်နှင့် ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အမရပူရမြို့နယ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မင်း၊ အားကစားနှင့်ကာယပညာ ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ဝင်း၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) ဗိုလ်လုပွဲစဉ်တွင် အားကစားပညာအသင်းနှင့် ဥပဒေပညာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားပညာအသင်းက သုံးပွဲ၊ တစ်ပွဲဖြင့် အနိုင်ရရှိပြီး၊ (အမျိုးသား) ဗိုလ်လုပွဲစဉ်တွင် ဘူမိဗေဒအသင်းနှင့် အားကစားပညာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘူမိဗေဒအသင်းက သုံးပွဲ၊ နှစ်ပွဲဖြင့် အနိုင်ရရှိသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများအား တစ်ဦးချင်းဆုများ၊ အကောင်းဆုံးအားကစားသမားဆုများ၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၈၂)**



# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် ပြပွဲများ ကျင်းပ

**ဥတ္တရသီရိ ဇန်နဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ပြိုင်ပွဲများ၊ ပြပွဲများ ကျင်းပပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ၏ အသိစိတ်ထဲတွင် အမြဲထာဝရကိန်းအောင်းရှင်သန်နေစေရန်၊ ကျောင်းစာများအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ မိမိတို့၏ စိတ်ခံစားမှု၊ စိတ်အတွေးအမြင်များဖြင့် မိမိတို့စိတ်ကြိုက် ပုံဖော်ဖန်တီးရေးသားနိုင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်၊ ကဏ္ဍပေါင်းစုံ၌ ထူးချွန်ထက်မြက်ယသည့်လူရည်ချွန်များ ဖြစ်လာကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုလိုပြိုင်ပွဲများနှင့် ပြပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောလ်ပင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



ယင်းနောက် ဥတ္တရခရိုင် ပြည်သူ့စာကြည့်တိုက်မှ ခင်းကျင်းပြသထားသော သုတရသ စာအုပ်စာစောင်များနှင့် ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ၏ အဆိုအမိန့်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

# ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပလတ်စတစ်ညမ်းညမ်းမှု လျှော့ချရေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၃နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Com-mnuty Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဖြိုးအောင်တို့က ပလတ်စတစ်ဖြစ်ပေါ်လာပုံ၊ ပလတ်စတစ်ပစ္စည်းအသုံးပြုရခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများ၊ ပလတ်စတစ် သုံးစွဲမှုကို လျှော့ချနိုင်မည့် နည်းလမ်းများကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ဇော်ထက်(သရက်)**




# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ၊ နွားစာစိုက်ဧက ၁၀၈၀၀ ကျော်စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ၊ နွားစာပြောင်းစိုက်ဧက ၁၀၈၀၀ ကျော် ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ကုလားပဲ၊ နွားစာအတွက် ပြောင်းသီးနှံကို တောင်သူများမှ ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးနေလျက်ရှိကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ၊ နွားစာ ပြောင်း လျာထားစိုက်ဧက ၁၂၂၉၉ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ချိန်တွင် စိုက်ပျိုးပြီးစီးမှုဧကသည် ၁၀၈၄၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။

"ကုလားပဲ၊ နွားစာ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးတာတွေ လုပ်ပါတယ်။ နွားစာပြောင်းကို စိုက်ပျိုးတာပါ။ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ကိုလည်း အသိပညာပေးဆောင်ရွက်ပါတယ်။ ပြောင်းသီးနှံတွေဟာ ကုလားပဲ၊ နွားစာအတွက် တောင်သူတွေ စိုက်ပျိုးသင့်တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ယခုနှစ်ရာသီသီးနှံမှာလည်း ပြောင်းကိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလို ပြောင်းတွေ စိုက်တာကလည်း ကုလားပဲ၊ နွားစာအတွက် ဖူလုံစေပါတယ်။ ကိုယ်တိုင်စိုက်ပျိုးတာကြောင့် ကုလားပဲ၊ နွားစာတွေဟာ အန္တရာယ်ကင်းရှင်းပြီးတော့ စိတ်ချစွာ ကျွေးမွေးလို့ရပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ကုလားပဲ၊ နွားစာ ပြောင်းစိုက်တောင်သူများကို ဌာနမှနေပြီး စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ဖောင်မြောင်တောင်ပိုး နှိမ်နင်းနည်းများ စသည်ဖြင့် အသိပေးနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ စိုက်ပျိုးထားသည့်အတွက် တောင်သူများ၏ မွေးမြူထားသော တိရစ္ဆာန်အစာများအတွက် အဆင်ပြေကာ အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ဝဲပုံ) (၀၇၃)**





# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်

**ဝမ်းတွင်း ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြု သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ သင်တန်းတွင် သင်ကြားပို့ချရမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းကို ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင်ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးမှ ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇန်နဝါရီ ၁၃ရက်မှ ၂၂ရက်အထိ ၁၀ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အပေါ်ပုံ) (၀၄၀)**

# ကြက်သွန်နီဧက ၆၈ ဧက ရိတ်သိမ်းပြီးဖြစ်

**ရေနံချောင်း ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီဧက ၃၂၃၈ လျာထားပြီး စိုက်ပျိုးခဲ့ရာ ၃၃၅၆ဧက စိုက်ပျိုးပြီးစီးကာ ၆၈ဧက ရိတ်သိမ်း(နုတ်သိမ်း) ပြီးစီးပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။



ရေနံချောင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံကြက်သွန်နီကို ဥကိုလည်းကောင်း၊ အပင်ကိုလည်းကောင်း စိုက်ပျိုးကြပြီး လက်ရှိ ဥစိုက်ကြက်သွန်နီများ နုတ်သိမ်းနေကြကြောင်း ရေနံချောင်းမြို့နယ်ရှိ တောင်သူများထံက သိရသည်။

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းပြီး နည်းပညာများပံ့ပိုးပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဆောင်းသီးနှံ ကြက်သွန်နီဧက ၆၈ ဧကရိတ်သိမ်း(နုတ်သိမ်း)ပြီးစီးနေပြီး တစ်ဧကလျှင် အထွက်နှုန်း ၃၆၈၇ ဒသမ ၈၇ ပိဿာထွက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

**(အပေါ်ပုံ) (၄၇၂)**



## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) အားကစားနည်းအလိုက် လေ့ကျင့်ရေးဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီး၊ အရာထမ်းများနှင့် နည်းပြများအားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀နာရီက သင်တန်းကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ်အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးဆွေးနွေးပြောကြားသည်။ ထို့နောက် အားကစားနည်းအလိုက်နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား ပြောင်းလဲလာသောနည်းစနစ်များနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၄၅)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးရေးရာအကြောင်း သင်တန်းဖွင့်

**ကျောက်ဆည် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးရေးရာအကြောင်း သင်တန်းဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းသန်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၂၀၂၃-၂၀၃၂ ၏အဓိက လုပ်ငန်းနယ်ပယ်များဖြစ်သော အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ အရေးပေါ်အခြေအနေ၊ စီးပွားရေး၊ ဆုံးဖြတ်ချက်ချမှတ်ရေး၊ လူ့အခွင့်အရေး၊ မီဒီယာ၊ အကြမ်းဖက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ငယ်ရွယ်သည့် အမျိုးသမီးများအကြောင်း စသည့် ဘာသာရပ်များနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းများမှ အသုံးပြုပစ္စည်းများ ပြန်လည်အသုံးချမှု၊ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု၊ ရေဆိုးများ ပြန်လည်သန့်စင်ဆောင်ရွက်ခြင်းအကြောင်းများ ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရပြီး ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဗီဒီယို(Clip)များ ပြသခဲ့သည်။

သင်တန်းအပြီးတွင် သင်တန်းသား၊ သင်တန်းသူများနှင့် အပြန်အလှန်မေးခွန်းများမေးမြန်းခဲ့ပြီး ပတ်ဝန်းကျင်ဆိုင်ရာ လက်ဆွဲစာအုပ်များ ပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆက်စပ်ဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများမှ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၅)**

## နို့စားနွားမွေးမြူရေး ချေးငွေများပေးအပ်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ပျဉ်သာကျေးရွာအုပ်စု သဲကုန်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းထံသို့ မြို့နယ်သမဝါယမဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နို့စားနွား မွေးမြူရေးလုပ်ငန်း လျာထားချက်အပေါ်တိုးချဲ့မွေးမြူနိုင်ရေးအတွက် ချေးငွေပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် သဲကုန်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းတာဝန်ရှိသူများထံသို့ ဖရီးရှန်နို့စားနွား ၂၂ ကောင်မွေးမြူရန် ငွေကျပ် သိန်း ၄၄၀၊ နွားခြံဆောက်လုပ်ရန် ငွေကျပ် သိန်း ၁၂၀နှင့် နွားစာစာရိတ် ပံ့ပိုးငွေကျပ် ၃၂ သိန်း စုစုပေါင်းငွေကျပ် ၅၉၂ သိန်းအား မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုး၊ မြို့နယ်သမဝါယမ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များက ပံ့ပိုးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(၄၅၃)**



## ကျေးလက်ကုန်ထုတ်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ဓမ္မသီရိ ဇန်နဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဓမ္မသီရိမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းများအား ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ဓမ္မသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာများမှ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပြည်ထောင်စုရန်ပုံငွေဖြင့် အလျှင်လိုကျေးရွာ၌ ကုန်ထုတ်လမ်းအမှတ်(၂) ရိုစာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဂုဏ်မင်းအင်းကျေးရွာ၌ ကုန်ထုတ်လမ်းအမှတ်(၃) ရိုစာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် တဲကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအမှတ်(၄) ရိုစာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ဒါပါ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းအရည်အသွေးပြည့်မီမှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ကုန်ထုတ်လမ်းများကို ရေရှည်အသုံးပြုသွားလာနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ကျေးရွာတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဓမ္မသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြုနိုင်ရန် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂ ဒသမ ဝ၇၁ သန်းဖြင့် အလျှင်လိုကျေးရွာ၌ လမ်းအရှည် ၃ ဒသမ ၇၁၂ ဖာလုံ၊ အကျယ် ၁၁ ပေ၊ လမ်းအမြင့်ထု ၉ လက်မ ကုန်ထုတ်လမ်းအမှတ်(၂) ရိုစာခင်းခြင်းလုပ်ငန်း၊ ဂုဏ်မင်းအင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၉ ဒသမ ၄၅၅ သန်းဖြင့် လမ်းအရှည် ၂ ဒသမ ၉၀၉ ဖာလုံ၊ အကျယ် ၁၁ ပေ၊ လမ်းအမြင့်ထု ၉ လက်မ ကုန်ထုတ်လမ်းအမှတ်(၃) ရိုစာခင်းခြင်းလုပ်ငန်း၊ တဲကြီးကုန်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅ ဒသမ ၅၁၅ သန်းဖြင့် လမ်းအရှည် သုညဒသမ ၄၇၇၃ မိုင်၊ အကျယ် ၁၁ ပေ၊ လမ်းအမြင့်ထု ၉ လက်မ ကုန်ထုတ်လမ်းအမှတ်(၄) ရိုစာခင်းခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ဓမ္မသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အပေါ်ခံပုံ)**

**(၄၄၅)**

## တစ်နိုင်တစ်ပိုင် ကိုက်လန်သီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**ကျွန်းလှ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံစိုက်ပျိုးကြရာ ကိုက်လန်သီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် ဒီနှစ်ဆောင်းရာသီမှာ ချောင်းရေတင်ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးထားပါတယ်။ ကိုက်လန်သီးနှံကို အပင် ၂၅၀၀ စိုက်ပျိုးခဲ့ရာ သီးနှံပေါ်ချိန် ၁၀ စည်းပါ အထုံးကြီးတစ်ထုံးကို ငွေကျပ် ၃၀၀၀၊ ၄၀၀၀ ရောင်းခဲ့ရပြီး မိသားစုအတွက် တစ်နေ့ ငွေကျပ် ၃၀၀၀၀ ကျော်ဝင်ငွေရရှိတယ်။ ယခုအခါမှာ အထုံးကြီးတစ်ထုံးကို ငွေကျပ် ၁၅၀၀ ဈေးရှိပေမယ့်လည်း သီးနှံရှားချိန် ဈေးကောင်းရရှိဖို့ ဆက်လက်စိုက်ပျိုးထားတယ်"ဟု ရှမ်းစုကျေးရွာ ကိုက်လန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံ ၁၀၆၇ ဧက စိုက်ပျိုးထားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝအားဆေး၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေးပြုလုပ်သုံးစွဲနည်းများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၀)**



# ဘက်စုံသားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ




**ပြင်ဦးလွင် ဇန်နဝါရီ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ သားဖွားသင်တန်းကျောင်း (ပြင်ဦးလွင်)၏ နဝမအကြိမ် ဘက်စုံသားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းအိမှ ယနေ့ နိုင်ငံတော်အတွက် လိုအပ်တဲ့အရည်အသွေးပြည့်ဝပြီး ဘက်စုံတော်တဲ့ ပြည်သူတွေ အားထားရတဲ့ သားဖွားဆရာမကောင်းများ ဖြစ်ကြပါစေ၊ မိမိတို့နိုင်ငံရှိ ပြည်သူလူထုအားလုံး၏ ကျန်းမာရေးမြင့်မားတိုးတက်လာစေရန် ကျင့်ဝတ်၊ သိက္ခာ၊ တာဝန်ဝတ္တရားများနှင့်အညီ မွန်မြတ်သောစိတ်ဓာတ်များရှိသော သားဖွားဆရာမကောင်းများဖြစ်ကြပါစေ၊ မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ Universal Health Coverage ရရှိစေဖို့ နိုင်ငံတော်၏အကျိုးကို ဆထက်ထမ်းပိုးဆောင်ရွက်နိုင်ကြတဲ့ ဂုဏ်ယူထိုက်တဲ့ သားဖွားဆရာမကောင်းများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းဆုံးမဩဝါဒစကားမြွက်ကြားပြီး သင်တန်းဆင်းဆရာမများအားလုံးကိုယ်စား သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ စင်မြင့်ပေါ်တွင် နေရာယူခြင်း၊ နိုင်ငံတော်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခြင်း၊ ဘက်စုံသားဖွား ဒီပလိုမာအောင်လက်မှတ်ယူမည့်သူများ ကတိပြုခြင်း၊ ဘက်စုံသားဖွားဒီပလိုမာ အောင်လက်မှတ် အပ်နှင်းခြင်းခံရသောသူများက 'သူနာပြု သစ္စာအဓိဋ္ဌာန်' ရွတ်ဆိုခြင်းနှင့် ဘက်စုံသားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းခံရသောသူများအား ကျောင်းအုပ်က ဒီပလိုမာ အောင်လက်မှတ်များ အသီးသီးအပ်နှင်းခဲ့ပြီး အခမ်းအနားပြီးမြောက်ကြောင်း ကြေညာ၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။**(အပေါ်ဓါတ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ




**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေး ချမ်းမြသာစည်မြို့နယ် ၁၀၇လမ်း-၄ရွှေဝါလမ်းရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)ရှိ Auditorium Hall တွင် လူငယ်များဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော လူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်(MIIT)မှ ပါမောက္ခချုပ် ဒေါက်တာဝင်းအေးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးခဲ့ပြီး အဆိုပါတက္ကသိုလ်မှ ပထမနှစ် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မမြတ်ပန်းဖြူက 'လူငယ်နှင့်ပညာရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စိုင်းအောင်ခွန်ဖက 'လူငယ်နှင့်အားကစား' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဉာဏ်လင်းထက်က 'လူငယ်နှင့်စာပေ'၊ မယွန်းအိဝတီထွန်းက 'လူငယ်နှင့်နည်းပညာ' စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ပါမောက္ခချုပ်ဒေါက်တာဝင်းအေး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သူဇာထွန်းနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့**



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့မြေ့နှင့်

## မေတ္တာစိတ်ထား လူ့ဘဝလမ်း

* လူဆိုသည် စိတ်နေအစွဲရယ်နဲ့
ရန်းကန်ရွဲ့ ရှင်သန်နေ။
ရစ်လျက်ဆန်
ဖြစ်ပျက်အမှန် အကြောင်းအကျိုးခ
အကောင်းအဆိုးမျှပေ။
လွတ်လမ်းကွယ့် ရာကြံဖွေ
စိတ်အနေ ဖြူစင်ထား။
သွေမကွာနော်
ဝေနေယျာအပေါ် မေတ္တာအပ်လို့
ပေးဆပ်ချစ်အား။

* စိတ်အစွဲကြောင့် မနောပွားသမို့
မောဟများ ရင်တွင်းဆူ။
အသိဉာဏ်မယ်
ငြိမာန်ကြွယ် တည်မာန
ဒေါသမာန်ထူ။
အတ္တအစွဲကြောင့် ငါသာမူ
ဘဝင်ကူ အပယ်လှမ်း။
အပြစ်ထုပ်မာန်
ပစ္စုပ္ပန်မယ် ဒုက္ခတွေ့လို့ရယ်
ခက်ပေ့လူ့လမ်း။

* ကောင်းစိတ်ထားလို့ မေတ္တာကမ်း
အေးမြစမ်း ဖျန်းပက်ကွယ်။
သွေမကွာစံ
စေတနာအမှန် သဒ္ဓါအမှု
ပြုကျင့်ဆောင်မယ်။
ပစ္စုပ္ပန်ထက် ပြည့်စုံထည်
ချမ်းသာကြွယ် သဏ္ဍာန်တင့်။
ခဏအသက်တည်
ဘဝအဆက်မည် ရှင်သန်ခြင်းမယ်
အပြစ်ကင်းဂုဏ်မြင့် ။ ။

**သူ့ထက်ဆန်း(မန္တလေး)**

# စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ဥတ္တရသီရိ ဇန်နဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာဖတ်ဝိုင်းကျင်းပခြင်းသည် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအတွက် အကျိုးကျေးဇူးများစွာရှိကြောင်း၊ ကျောင်းစာအပြင်ပြင်ပဗဟုသုတများတိုးပွားရရှိစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတပြည့်ဝစေရန်နှင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့သည်။


ထို့နောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များဖြစ်ကြသော စာရေးဆရာ စိန်ဝင်းနွယ်၊ စာရေးဆရာရဲမွန်ကျော်၊ စာရေးဆရာမ ချယ်ချယ်(YU)နှင့် စာရေးဆရာမ နန်းနန်း(စပါးကျီ)တို့က စာရေးဆရာ ကောင်းသာရေးသားသည့် အောင်မြင်ရေးအတွက် တန်ခိုးစွမ်းအား စာအုပ်ပါအကြောင်းအရာများကိုဖတ်ကြား၍ မိမိတို့၏ခံစားနားလည်မှုများဖြင့် ဆွေးနွေးပေးခဲ့ကြပြီး တက်ရောက်လာသည့် စာပေဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များ၊စာပေချစ်မြတ်နိုးသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

* - * - * - * - *

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ညှိသည်တော် ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက်ဘင် အဗ္ဗဒူလ်ရာမန်ဘင်ဂျပ်ဆင်အယ်လ်သာနီအား ဆီးရီးယားခေါင်းဆောင် အာမက်အယ်လ်ရှာရာ ဒမတ်စကတ်မြို့တော်၌ လက်ခံတွေ့ဆုံစဉ်။ **Mon**

## အစ္စရေးနိုင်ငံသားများ လိုလားတောင်းဆိုထားသည့်အတိုင်း ဟားမတ်စ်တို့ဘက်က ဓားစာခံများကို လွှတ်ပေးမည်ဟု မျှော်လင့်ရ

**ဂျေရုဆလင် ဇန်နဝါရီ ၁၇**

အစ္စရေးနိုင်ငံသားများ တောင်းဆိုထားသည့်အတိုင်း ဟားမတ်စ်တို့ဘက်က ဓားစာခံများကို လွှတ်ပေးမည်ကို မျှော်လင့်ရသည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု၏ ရုံးခန်းက ဇန်နဝါရီ ၁၇ ရက်တွင် အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လာမည့် ဇန်နဝါရီ ၁၉ ရက်တွင် အစ္စရေးဓားစာခံများကို လွှတ်ပေးရန် ဟားမတ်စ်တို့ဘက်က လက်ခံသဘောတူညီထားပြီး



ဖြစ်သော်လည်း ရုတ်တရက် အခြေအနေအမျိုးမျိုးပြောင်းလဲသွားနိုင်သဖြင့် ကာယကံရှင်မိသားစုဝင်များ စိတ်ပူနေရဆဲဟု ဆိုသည်။

ကာတာနိုင်ငံတွင် ကြားဝင်စေ့စပ်ပေးသူများရှေ့မှောက်၌ ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲထားစဉ် ကာလအတွင်း ဓားစာခံနှင့်အကျဉ်းသားများ အပြန်အလှန် လဲလှယ်မှုလုပ်ဆောင်သွားရန် အစ္စရေးအစိုးရကိုယ်စားလှယ်များနှင့် ဟားမတ်စ်ကိုယ်စားလှယ်များ သဘောတူညီခဲ့ပြီးဖြစ်သည်။

ထိုယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးအစိုးရတစ်ဖွဲ့လုံး တညီတညွတ်တည်း လက်ခံပြီးပြီဆိုလျှင် မိမိတို့ဘက်က ဓားစာခံများ လွှတ်ပေးရေးကိစ္စကို လုပ်ဆောင်သွားမည်ဟု ဟားမတ်စ်ဘက်က ထပ်လောင်းအတည်ပြုထားကြောင်း သိရသည်။ **Mon**




## သမ္မတ ယွန်းဆွတ်ယူးလ်ကို ရက် ၂၀ ကြာ ဆက်လက်ထိန်းသိမ်းရန် စီအိုင်အိုအဖွဲ့က ဝရမ်းအသစ်လျှောက်ထားသွားမည်ဟု ဆို

**ဆိုးလ် ဇန်နဝါရီ ၁၇**

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို ရက် ၂၀ ကြာ ဆက်လက်ထိန်းသိမ်းရန် ၎င်းကို ဦးဆောင်ဖမ်းဆီးခဲ့သည့် စီအိုင်အိုဟု အတိုကောက်ခေါ်ဝေါ်သော အကျင့်ပျက်မှုတိုက်ဖျက်ရေးအဖွဲ့က ဝရမ်းအသစ်လျှောက်ထားသွားမည်ဟု ဇန်နဝါရီ ၁၇ ရက်က အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နေအိမ်မှ ရဲတပ်ဖွဲ့ဝင် ထောင်နှင့်ချီပြီး အင်အားသုံးဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီးနောက် ယွန်းဆွတ်ယူးလ်ကို ယင်းစီအိုင်အိုအဖွဲ့မှ တာဝန်ရှိသူများက တာဝန်အရ စစ်ဆေးမေးမြန်းခဲ့သော်လည်း တစ်သမတ်တည်း နှုတ်ဆိတ်နေခဲ့သဖြင့် ၎င်းကို လွှတ်မပေးသေးဘဲ ဆက်လက်ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယွန်း၏ ရှေ့နေများက ၎င်းဖမ်းဆီးခံရခြင်းသည် ဥပဒေနှင့်မညီကြောင်း ထောက်ပြကာ ဆိုးလ်အလယ်ပိုင်းတရားရုံးသို့ ဦးတိုက်လျှောက်ထားပြီး ဖမ်းဝရမ်းပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြသည်။

အဆိုပါရှေ့နေများ၏လျှောက်လွှာကို တရားရုံးက လက်ခံကြားနာရန် ဆိုင်းငံ့ထားသဖြင့် ယွန်းဘက်မှ ထောက်ခံအားပေးသူများ မကျေမနပ်ဖြစ်နေကြောင်း သိရသည်။ **Mon**

## အိန္ဒိယရှေးဟောင်းအရုပ်စာကို အဓိပ္ပာယ်ဖော်နိုင်သူအား အမေရိကန်ဒေါ်လာ ၁ သန်း ဆုတော်ငွေချီးမြှင့်မည်

**ဒေလီ ဇန်နဝါရီ ၁၇**

နှစ်ပေါင်း ၅၃၀၀ ခန့် သက်တမ်းရှိနေပြီဖြစ်သည့် အိန္ဒိယရှေးဟောင်းအရုပ်စာကို အဓိပ္ပာယ်ဖော်နိုင်သူအား အမေရိကန်ဒေါ်လာ ၁ သန်း ဆုတော်ငွေချီးမြှင့်မည်ဟု တမီးလ်နာဒူပြည်နယ်ဝန်ကြီးချုပ် အမ်ကေစတာလင် မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုနှင့်သက်ဆိုင်သော ရှေးဟောင်းမြို့ရိုးများကို တူးဖော်ရာမှ တွေ့ရှိခဲ့သည့် ထိုအရုပ်စာ၏ လျှို့ဝှက်ချက်ကို မဖော်ထုတ်နိုင်သဖြင့် အိန္ဒိယသားတို့၏ ဇာစ်မြစ်ကို မှန်းဆရန် ခက်ခဲခဲ့သည်။

တစ်ကမ္ဘာလုံးသို့ ရောက်ရှိသော အိန္ဒိယနွယ်ဖွားများထဲမှ ကွန်ပျူတာပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များထဲမှ တစ်စုံတစ်ယောက်က ထိုအရုပ်စာ၏ အဓိပ္ပာယ်ကိုဖော်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ **Mon**



## တရုတ်ခရီးသွားဧည့်သည်များ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ထိုင်းနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ လာရောက်လည်ပတ်နိုင်


**ဘန်ကောက် ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်များ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ထိုင်းနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ လာရောက်လည်ပတ်နိုင်သည်ဟု ထိုင်းဝန်ကြီးချုပ် ပေတုန်တန်ရှီနာဝါထရာက ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ ဝင်ငွေရရှိရေး ပင်မအရင်းအမြစ်ဖြစ်ရာ ပြည်ပခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးတိုးမြှင့်ချထားရန် ညွှန်ကြားပြီးဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ယမန်နှစ်က ထိုင်းနိုင်ငံသို့ တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည် ပေါင်း ၆ ဒသမ ၇သန်းကျော် လာရောက်လည်ပတ်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားဧည့်သည် စုစုပေါင်း ၃၅ ဒသမ ၅ သန်းရှိခဲ့ရာ တရုတ်ခရီးသွားဧည့်သည်ပမာဏသည် ယင်းစုစုပေါင်းပမာဏ၏ ငါးပုံတစ်ပုံရှိခဲ့သည်။

ယခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်ကာလမတိုင်မီ အသက် ၂၂ နှစ်အရွယ် တရုတ်ရုပ်ရှင်သရုပ်ဆောင်တစ်ဦး ထိုင်းနိုင်ငံ၌ ပြန်ပေးဆွဲခံခဲ့ရခြင်းကို အကြောင်းပြု၍ တရုတ်အင်တာနက်လူမှုကွန်ရက်များထဲ၌ ထိုင်းနိုင်ငံသို့ အလည်အပတ်သွားရောက်လျှင် စိတ်ချလုံခြုံမှုမရှိဟု ကောလာဟလများ ပြန့်နေသဖြင့် ထိုင်းဝန်ကြီးချုပ်က ထိုသို့ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏လူဦးရေ ထပ်မံကျဆင်း၊ တစ်နှစ်အတွင်း ၁၀၄၉ သန်းမှ ၁၃၉၀ သန်းသို့ လျော့ကျ

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံသည် ယခင်က ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့သော်လည်း ယခုနောက်ပိုင်း၌ လူဦးရေလျော့နည်းမှုပြဿနာနှင့် ကြုံတွေ့လာရကာ လွန်ခဲ့သော ၂၀၂၄ ခုနှစ်တွင် သုံးနှစ်ဆက်တိုက် လူဦးရေဆက်လက်ကျဆင်းခဲ့သည်ဟု တရုတ်အစိုးရအမျိုးသားစာရင်းအင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် အစီရင်ခံတင်ပြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၃ ခုနှစ်က တရုတ်နိုင်ငံ၏လူဦးရေသည် ၁၄၀၉ သန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင်မူ ၁၄၀၈ သန်းသာရှိခဲ့ရာ တစ်နှစ်အတွင်း အတိအကျအားဖြင့် လူဦးရေ ၁ ဒသမ ၃၉ သန်းအထိ လျော့ကျသွားသည်ဟု အဆိုပါဌာနက အစီရင်ခံသည်။

တရုတ်နိုင်ငံသားများ မွေးဖွားသည့် ပမာဏသည် သေဆုံးသည့်ပမာဏကို ကျော်လွန်နိုင်ခြင်း မရှိရာမှ ထိုသို့လူဦးရေလျော့ကျလာရခြင်းဖြစ်သည်။



ယခင်က လူဦးရေတိုးပွားမှုကို ထိန်းချုပ်ရန် တစ်အိမ်ထောင် သားသမီးတစ်ဦးသာ မွေးဖွားစေခဲ့ရာ လူဦးရေလျော့ကျစေခဲ့ပြီးနောက် ယနေ့ခေတ်တွင်မူ သားသမီးမွေးရန် ကုန်ကျစရိတ်များလာသည်ကို မတတ်နိုင်ကြသဖြင့် တရုတ်နိုင်ငံ၌ ကလေးမွေးဖွားနှုန်းကျဆင်းနေခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင်လည်း အလားတူ လူဦးရေလျော့ကျမှုပြဿနာကြုံတွေ့နေရကြောင်း သိရသည်။ **Mon**

## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်း အကျင့်ပျက်မှုဖြင့် ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခံရ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၇**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်းသည် အဂတိလိုက်စားမှု၊ အကျင့်ပျက်မှုတို့ဖြင့် ယမန်နေ့က ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်ကာလက အိမ်ခြံမြေလုပ်ငန်းကုမ္ပဏီတစ်ခုက ပေးခဲ့သော လက်ဆောင်ပစ္စည်းအထုပ်တစ်ထုပ်လက်ခံရယူမှု၊ နိုင်ငံတော်နှင့်သက်ဆိုင်သော ပြည်ပလက်ဆောင်ပစ္စည်းများရောင်းချမှုတို့ကြောင့် ၎င်း ထိုသို့ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

ထိုအမှုများတွင် ၎င်း၏ဇနီးဖြစ်သူလည်း အလိုတူအလိုပါအဖြစ် ပါဝင်ခဲ့သည်ဟု စွပ်စွဲခံရကာ ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **Mon**

# စာဖတ်ခြင်း စည်းစိမ်

မြတ်ထေရ်ကျော်

ဆောင်း၏ အအေးဓာတ်က လူတို့အား အေးချမ်းစွာ ပွေ့ဖက်နှုတ်ဆက်လေ၏။

သဘာဝ၊ ဆောင်းသဘာဝ၊ ဆောင်းနံနက်ခင်း၏ မြက်ခင်းပြင်အစိမ်းရောင်မြေလွှာတွင် နှင်းပုလဲပန်းတွေ ကြွေထားသောကြောင့် ကမ္ဗလာကော်ဇောတစ်ချပ်လို လှပသောအသွင်နှင့် ကမ္ဘာမြေကို တန်ဆာဆင်လေ၏။

ကမ္ဘာမြေတွင် လူတို့၏စည်းစိမ်တွေမှာ ခေတ်သစ်၊ နှစ်သစ်၊ အနုပညာသစ်တွေနှင့် လှပခြင်းလိုချင်မက်မောစရာဖြစ်ခြင်း၊ အဆင်း၊ အသံ၊ ရနံ့၊ အရသာ၊ နူးညံ့မှုဂုဏ်စသည် မျိုးစုံမြင်တွေ့နိုင်ပါ၏။

မြို့ပြ၏လမ်းမတွင် သွားလာနေ၊ ရပ်နေသောကားတွေ၊ ဆိုင်ကယ်တွေ၊ လူနေတိုက်တာ အိမ်ဂေဟာတွေ၊ စိန်ရွှေငွေရတနာတွေ၊ ထမင်း၊ အဖျော်ယမကာတွေ၊ ကော်ဖီတစ်ခွက်၊ လက်ဖက်ရည်ကြမ်းပူပူတစ်ခွက်၊ ပေါင်မုန့်တစ်ခု၊ ငှက်ပျောသီးတစ်လုံး၊ မိုဘိုင်းဖုန်းတစ်လုံးနဲ့ ဤလူထိုလူစသည် လူများစွာ စည်းစိမ်တို့နှင့် ထိုစည်းစိမ်တို့ကိုပင် ချစ်ခင်တွယ်တာမြတ်နိုးလျက် မက်မောလျက် ပြုံးကြ၊ ပျော်ကြရင်း နေထိုင်တတ်ကြပါ၏။

လူတို့၏ စည်းစိမ်တို့တွင် ကလေးလူငယ်၊ လူရွယ်၊ လူကြီး၊ အမျိုးသမီး၊ အမျိုးသားတို့မှာ အရွယ်အလိုက် အတန်းအလိုက် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့်တိုင် စာပေအမျိုးမျိုး ဖတ်မှတ်၍ လေ့လာကျက်မှတ်ကာ အတန်းပညာတွေ၊ အတတ်ပညာတွေ သင်ယူပြီးလျှင် စာမေးပွဲအောင်မြင်ခဲ့ကြပေရာ စာဖတ်ခြင်းအလုပ်မှာ စည်းစိမ်တစ်ခုဖြစ်ပါ၏။

သို့ဖြစ်ပေရာ စာဖတ်ခြင်းဖြင့် လူတိုင်း၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ကောင်းမွန်တိုးတက်လာ၍ စိတ်နှလုံးအေးငြိမ်းပြီးလျှင် စာဖတ်၍ရလာတဲ့ အသိတွေ၊ သုတတွေ၊ ဗဟုသုတတွေနဲ့ အလုပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်ပြီး ပြုလုပ်တတ်သော စွမ်းရည်တွေ၊ စွမ်းအားတွေတိုးလာနိုင်လေ၏။

**စာဖတ်ခြင်း(၃)မျိုး**

လူတိုင်းစာဖတ်ရာတွင် ၁။ မျက်လုံးဖြင့် စာဖတ်ခြင်း ၂။ နားဖြင့် စာဖတ်ခြင်း ၃။ ခြေထောက်ဖြင့် စာဖတ်ခြင်းဟူ၍ ဘဝတစ်သက်တာ စာဖတ်ခြင်းစည်းစိမ်ကို လူတိုင်းရယူခွင့်ရှိ၏။ ငွေကြေးအကုန်ကျနည်း၍ ဘဝ၏အမွေ့လျော်ဆုံးနဲ့ အကောင်းတွေ၊ အဆိုးတွေ၊ ဆောင်စရာ၊ ရှောင်စရာတွေ၊ ဗဟုသုတများစွာ ပညာရွှေအိုး ပေးစွမ်းနိုင်သောအရာမှာ စာဖတ်ခြင်း စည်းစိမ်ဖြစ်ပါ၏။

**၁။ မျက်လုံးဖြင့်စာဖတ်ခြင်း**

၁၃၈၆ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက် ၂၄-၁၂-၂၀၂၄ အင်္ဂါနေ့ မန္တလေးနေ့စဉ်သတင်းစာတွေ ယူဖို့၊ ဖတ်ဖို့ မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ရောက်ခဲ့၏။

တစ်လ တစ်ခေါက်တစ်ခါ မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ မိမိ၏ကိုယ်တိုင်ရေး စာမူပို့မည်၊ သတင်းစာယူမည်၊ သတင်းစာဖတ်မည် ရည်ရွယ်ချက်နှင့် သွားဖန်များ ခရီးရောက်ခဲ့ပေရာ ကိုယ့်ကိုယ်ကို ကျေးဇူးတင်မိပါ၏။

မိမိ၏စာမူတစ်ပုဒ်ကို မန္တလေးနေ့စဉ်သတင်းစာမှာ တွေ့ရ၊ မြင်ရ၊ ဖတ်ရတဲ့အခါ မမျှော်လင့်ဘဲ ဖြုန်းခနဲဝမ်းသာမှု၊ ကြည်နူးမှုတွေဆိုတာ မိမိ၏နှလုံးသားထဲမှာ ပန်းပမာ ပွင့်လန်းလာ၏ ရနံ့လည်းကြိုင်သင်းထင်ပါရဲ့။

မန္တလေးမြို့သို့လာလေတိုင်း မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် ရောက်၍ မန္တလေးနေ့စဉ်သတင်းစာတွေထဲမှာ မိမိ၏စာမူကို မန္တလေးနေ့စဉ်သတင်းစာတိုက်က သုံး၏၊ မသုံး၏ သိချင်တဲ့စိတ်ဓာတ်အဟုန်နဲ့ မိမိသည် နေရောင်ခြည်အနွေးဓာတ်၊ အလင်းရောင်ဓာတ်တွေနဲ့ တစ်ကိုယ်တည်း ဖွေရှာတတ်သည်မှာ အလုပ်တစ်ခု ဖြစ်ပါ၏။

မည်သို့ဆိုစေ မန္တလေးနေ့စဉ်နှင့် မိမိသည် ရင်းနှီးလာ၍ မိတ်ဆွေစစ်ဖြစ်သော သတင်းစာ ဖြစ်ပါ၏။

ထိုနေ့ကမန္တလေးနေ့စဉ်သတင်းစာတွေယူပြီးလျှင် မန္တလေးမြို့၊ ၇၁လမ်း၊ ၃၅လမ်းအတိုင်း အနောက်ရပ်မလှည့်မူ၍ အရှေ့ ဖိုလမ်းပေါ်ရှိ နဂါးစာပေတွင် မိမိစာအုပ်ဝယ်ရန် တစ်ကိုယ်တည်းလမ်းလျှောက်ပါ၏။

အတန်ကြာ စာအုပ်ဆိုင်ရောက်၍ ဒေါက်တာသန်းထွန်းရေးတဲ့ "မင်းဒုက္ခနဲ့မင်း" စာအုပ်တစ်အုပ်ကို ဖတ်ကြည့်သည်တွင် ကမ္ဘာ့စာပေဖြစ်တဲ့ ကဗျာ ၁၉ ပုဒ်ကို မြန်မာစာပေ မြန်မာကဗျာနဲ့ ဘာသာပြန်ရေးသားထားကြောင်း သိရ၍ ထိုစာအုပ်ဈေးနှုန်းမှာ ၇၅၀၀ ကျပ် ဖြစ်ပါ၏။

သို့ရာတွင် မဝယ်ဖြစ်ပါ။ ဒေါက်တာသန်းထွန်း၏ အဆိုအမိန့်တစ်ခုကို ထိုစာအုပ်ရဲ့တစ်နေရာမှာ မိမိဖတ်ရတဲ့အခါမှာတော့ အသိဗဟုသုတတစ်ခုတိုးခဲ့ပါ၏။ ထိုအဆိုအမိန့်မှာ---

"မိမိသိရှိ တွေ့ရှိလာတဲ့ အသိသစ်ကို မျှဝေခြင်း ဖြစ်၏။ စာရေးဆရာမဟုတ်ပါ" တဲ့။

ထိုစာအုပ်ဆိုင်တွင် စာအုပ်ဖွေရှာရင်း ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်ကိုတော့ သဘောကျနှစ်ခြိုက်သည်နှင့် ငွေကျပ် ၅၀၀၀ ပေး၍ မိမိဝယ်ယူရရှိခဲ့၏။

ထိုစာအုပ်ထဲက သိမှတ်စရာများစွာတို့တွင် ဖော်ပြပါအကြောင်းအရာမှာ စာဖတ်သူအဖို့ လိုက်နာရန်၊ ကျင့်သုံးရန်ဖြစ်၏။

"အတွက်ရှိမှ အမြတ်ရ၊ လာဘတည်ကြောင့်သာ၊ အတွက်မသိစည်းမရှိ၊ ဖြစ်သည့်ဒုက္ခိတာ၊ အရှာတတ်ကထားတတ်မှ၊ နေလက်ဝယ်ကြာ" ဟူ၏။

စာဖတ်သူတို့တွင် ဆရာဇော်ဂျီ၏ ငယ်စဉ်ဘဝတုန်းက သူ့ဦးလေးဖြစ်သူသည် ဦးလတ်ရေးသားတဲ့ ရွှေပြည်စိုးဝတ္ထုဖတ်သင့်ကြောင်း၊ ထီးသုံးနန်းသုံး မြန်မာဝေါဟာရများနဲ့ ရေးဖွဲ့ထားကြောင်း ညွှန်ပြသည်နှင့် ထိုရွှေပြည်စိုးဝတ္ထုမှာ ဆရာဇော်ဂျီနှစ်သက်သော စာအုပ်ဖြစ်၍ စာအုပ်စင်တွင်မပျောက်အောင် ထားရှိရကြောင်း ဆရာဇော်ဂျီရေးသားတဲ့စာရှုခင်း စာအုပ်မှာ မိမိဖတ်ရှုရ၍ အသိပညာနဲ့ ဗဟုသုတတိုးလေ၏။

**၂။ နားဖြင့်စာဖတ်ခြင်း**

နေ့စဉ်လူတွေပြောနေသောစကားမှာ "စာ"ဖြစ်၍ "စာ"ဟူသည် လူတွေရဲ့စကားဟူ၍ သိရ၏။

ဥပမာ- မြေပြင်၊ ကောင်းကင်၊ နေ၊ လ၊ မြစ်၊ တောတောင်၊ နှမ်းခင်းတို့မှာ မြန်မာစာလည်းဟုတ်၏ မြန်မာစကားလည်း ဟုတ်၏။

လူတွေရဲ့ စကားသံကို အချိန်အားလျော်စွာ နားထောင်တတ်ခြင်း၊ တရားဒေသနာကို နားကြားခြင်း၊ မြန်မာ့အသံ ရေဒီယိုမှ အစီအစဉ်များကို နားထောင်ခြင်းတို့မှာ စာဖတ်ခြင်းပင်ဖြစ်ပါ၏။

နားနှစ်ဖက်နှင့် ပါးစပ်တစ်ပေါက်ကိုယ်စီရှိနေကြသော လူတွေမှာ များများနားထောင်ပါ။ နည်းနည်းပြောပါဟူ၍ သဘောတရားရှိသည်နှင့် နားထောင်တတ်ခြင်းတည်းသော စာဖတ်ခြင်းဖြင့် ပြည်သူ့ဆက်ဆံရေး မီဒီယာလုံခြုံအေးချမ်း ဘေးကင်းနိုင်၍ လူ့ဘောင်ဘဝ တိုးတက်နိုင်လေ၏။

**၃။ ခြေထောက်ဖြင့်စာဖတ်ခြင်း**

ဤခရီး၊ ထိုခရီး၊ စသည့်ခရီးပန်းတိုင်သို့ ဤလူ၊ ထိုလူ စသည် လူကြီး၊ လူငယ်၊ လူရွယ်၊ အမျိုးသမီး၊ အမျိုးသားတွေ နေ့စဉ်ခရီးသွားခြင်းမှာ စာဖတ်ခြင်းတစ်မျိုး ဖြစ်ပါ၏။

နေရာသစ်၊ မြို့သစ်၊ ရွာသစ်ဖြစ်တဲ့ မရောက်ဖူးသေးတဲ့ အရပ်ဒေသတွေရဲ့ တန်ခိုးကြီးဘုရားများ၊ လူမျိုးတို့ရဲ့ ဓလေ့ထုံးစံ၊ နေပုံထိုင်ပုံ၊ ဒေသထွက်အစားအစာ၊ ထိုသူတို့ရဲ့ ဘာသာစကားတွေ လေ့လာခွင့်ရခြင်းမှာ ခရီးသွားမှသာ တွေ့ရ၊ မြင်ရ၊ ကြားရပေရာ စိတ်ဝင်စားဖွယ်၊ ပျော်ရွှင်ဖွယ်ဖြစ်၍ စာဖတ်ခြင်းတစ်မျိုးဖြစ်ပါ၏။

**စာဖတ်ခြင်းစည်းစိမ်**

စာဖတ်ခြင်းကြောင့် စည်းစိမ်ရသလော၊ မရသလော။ စာဖတ်ခြင်း စည်းစိမ်တွေဆိုတာ စာဖတ်သူတွေသာ ရနိုင်ပါ၏။

(က) အသိဉာဏ်ပညာ (Wisdom)

(ခ) ဗဟုသုတ (Knowledge)

(ဂ) အတွေးအခေါ်သစ် (New Idea)

(ဃ) ရသ (ချစ်ခင်ခြင်း၊ သနားခြင်း စသည့် ရသများစွာ)

ထိုမှ စာဖတ်သူတွေရဲ့ ဘဝခရီးကို စာဖတ်ခြင်းဖြင့် အမှားအမှန်၊ လုပ်သင့်၊ မလုပ်သင့် ဘဝပြဿနာများစွာတွင် ပြဿနာမရှာဘဲ အဖြေရှာတွေ့၍ ဆုံးဖြတ်ချက်ခိုင်မာစွာ အချိန်မရွေးမှု၍ တိုးတက်ကြီးပွားသောလူမျိုး၊ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံအဖြစ် ဂုဏ်ရည်မြင့်မားလာ၏။

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေ ဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၇**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လက်ပံကုန်းကျေးရွာ ရွှေဆံပင်ဓမ္မဝေပုလ္လသာသနာ့ရိပ်သာကျောင်းတိုက်တွင် ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာပေဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



ထို့နောက် စာရေးဆရာကိုရွှေအောင်သင်းက "ဘဝလှဖို့ စာဖတ်စို့" ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ သူများအား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းက ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် လက်ပံကုန်းကျေးရွာ ရွှေဆံပင်ဓမ္မဝေပုလ္လသာသနာ့ ရိပ်သာကျောင်းတိုက်မှ ကျောင်းသား၊ ကျောင်းသူများအား နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါ စာပေဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဓါပုံ)

**သွေးသွေး ခရိုင် (ပြန်/ဆက်)**

၀-၀-၀-၀-၀-

၀-၀-၀-၀

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Park Eun Bin က ဗီလိန်ဇာတ်ရုပ်ကို သရုပ်ဆောင်ရန် ပြင်ဆင်နေ

အနုပညာရှင် Park Eun Bin သည် ဇာတ်ရုပ်မျိုးစုံကို သရုပ်ဆောင်နိုင်သူဖြစ်ပြီး စိန်ခေါ်ရဲသည့်သတ္တိရှိရာမှ ဗီလိန်ဇာတ်ရုပ်ကို သရုပ်ဆောင်ရန် ပြင်ဆင်နေသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Park Eun Bin က အနုပညာအလုပ်များ အနားမယူမီ ဗီလိန်ဇာတ်ကောင်မျိုး ရိုက်ကူးပြီး မတူညီသည့်ပုံစံကို ပရိသတ်ထံ ချပြချင်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားသွားသည်။

Park Eun Bin က ဇာတ်ကောင်ကို ပုံသေသတ်မှတ် ရွေးချယ်ထားခြင်းမရှိဘဲ ဇာတ်ကောင်သရုပ်ဆောင်မှုကြောင့်သာ ပြီးပြည့်စုံသည့် ဇာတ်လမ်းဖြစ်လာသည်ဟု လက်ခံထားကာ ၂၀၂၄ ခုနှစ်တွင် အနုပညာလုပ်ငန်း ရပ်နားထားပြီး ၂၀၂၅ခုနှစ်တွင် ဇာတ်ရုပ်အသစ်နှင့် ပြန်လာမည်ဖြစ်သည်။ (SKY)

## Xiao Zhan ၏ တစ်ကိုယ်တော်ဂီတ We မှာ တစ်ရက်တည်းနှင့် ထိပ်ဆုံးရောက်ခဲ့

တရုတ်အဆိုတော်၊ သရုပ်ဆောင် Xiao Zhan ၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်သည် လေးမိနစ်အတွင်း ယွမ်သန်းငါးဆယ်ကျော် ရောင်းရကာ တစ်ရက်တည်းနှင့် ထိပ်ဆုံးနံပါတ်တစ်စာရင်း ဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Xiao Zhan ၏ အမာခံပရိသတ်များက QQ Music App မှ ဝယ်ယူအားပေးခဲ့ပြီး အချို့ Kugou App မှ ဝယ်ယူအားပေးခဲ့ကြရာ အဆိုပါယွမ်သန်းငါးဆယ်မှာ QQ Music Hall of Fame Record Lists ကြောင့် သိရခြင်းဖြစ်သည်။

အဆိုပါ အယ်လ်ဘမ်ကို ၂၀၂၀ ခုနှစ်မှ စတင်ပြင်ဆင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် Physical Album ကိုထုတ်ကာ ၂၀၂၄ ဒီဇင်ဘာမှ အားလုံးချပြခဲ့ခြင်းဖြစ်ကာ Xiao Zhan ပရိသတ်များ အားပေးမှုကြောင့် Red Sea အနီရောင်ပင်လယ်ကြီး ဖြစ်ပေါ်လာခဲ့သည်။

Xiao Zhan က အနုပညာနယ်ပယ်တွင် သရုပ်ဆောင်သာမက အဆိုတော်အဖြစ်လည်း အောင်မြင်မှုများစွာကို သိမ်းပိုက်ရယူနိုင်ခဲ့သည်။ (SKY)





## အိပ်ရေးပျက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် အတိတ်မှတ်ဉာဏ်ဆိုးများ စိတ်ကိုခြောက်လှန့်လာနိုင်

အိပ်စက်ခြင်းသည် လူတို့၏ နေ့စဉ်ကျန်းမာရေးဘဝကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးသည်။ အိပ်ရေးဝအောင်အိပ်မှ လူတို့၏ ကိုယ်ကျန်းမာရေးရော စိတ်ကျန်းမာရေးပါ ကောင်းမွန်စမြဲပင် ဖြစ်သည်။

အိပ်ရေးပျက်လျှင်မူ ကျန်းမာရေးအတွက် ကောင်းကျိုးမရှိဘဲ ဆိုကျိုးသာ ထွက်ပေါ်လာပေလိမ့်မည်။

ဗြိတိန်နိုင်ငံ ယော့ခ်တက္ကသိုလ်နှင့် အရှေ့အန်ဂလီယာတက္ကသိုလ်မှ ပညာရှင်များသည် အိပ်ရေးပျက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အိပ်ရေးပျက်ခြင်းကြောင့် အတိတ်မှတ်ဉာဏ်ဆိုးများက လူ၏စိတ်ကိုခြောက်လှန့်လာနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ယော့ခ်တက္ကသိုလ်မှ ဦးဆောင်သုတေသီဒေါက်တာစကော့ကိုင်နေးက ရှင်းလင်းပြောကြားသည်။

အရွယ်ရောက်ပြီး အမျိုးသား၊ အမျိုးသမီး ၈၅ ဦး တို့ကို စောင့်ကြည့်လေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Lim Jiyeon က တစ်ပတ်အတွင်း ထိပ်တန်း ဒရမ်မာစာရင်းဝင် ဖြစ်ခဲ့



တစ်ပတ်အတွင်း ကျော်ကြားသော ဒရမ်မာသရုပ်ဆောင် အနုပညာရှင်စာရင်းတွင် အနုပညာရှင် လင်ဂျီယွန်က The Tale Of Lady Ok နှင့် ထိပ်ဆုံးစာရင်းဝင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းအရ ထိပ်ဆုံးခြောက်ဦးစာရင်းတွင် လင်ဂျီယွန်က The Tale Of Lady Ok နှင့် ချူယောင်ဝူးပါ စာရင်းဝင်ကြကာ Love Your Enemy နှင့် ဂျူဂျီဟွန်းနှင့် ဂျောင်ယူမီ The Truck နှင့် ဂေါင်ယိုနှင့် ဆိုဟွမ်ဂျင်းတို့ စာရင်းဝင်ခဲ့ကြသည်။

ယူယွန်ဆွတ်က When The Phone Rings ၊ ကင်နမ်ဂျီက The Fiery Priest 2 ၊ ချောဆူဘင်းက When The Phone Rings နှင့် ဂိုဆူက Parole Examiner Lee တို့နှင့် ထိပ်ဆုံးဆယ်ဦးစာရင်းတွင် ပါဝင်ခဲ့ကြသည်။ (SKY)


## Shixing Cho အလှူအတန်းရက်ရော၍ သူတစ်ပါးကို ကူညီရမှ ပျော်သူဖြစ်ခဲ့

တရုတ်အနုပညာလောကတွင် နေရာတစ်နေရာရရှိခဲ့သော ရှီရှင်းချိုသည် အလှူအတန်းရက်ရော၍ သူတစ်ပါးကိုကူညီရမှ ပျော်သူဖြစ်ခဲ့ရခြင်းမှာ အတိတ်မှ နာကျင်စရာများစွာကို ဖြတ်သန်းခဲ့ရသောကြောင့်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၈၆ခုနှစ် ဇူလိုင် ၁၂ ရက်ဖွား ရှီရှင်းချိုမှာ အသက် ၃၈နှစ်ရှိပြီဖြစ်ပြီး ငယ်စဉ်က အသက်လေးနှစ်နှင့် မိခင်ဆုံး၍ ဖခင်အမူးသမားနှင့် အစ်မနှစ်ယောက် ကျန်ရစ်ကာ အဘိုးက ဒုတိယဖခင် ဖြစ်ခဲ့သည်။

ကျောင်းမသွားမီ နွားစာအတွက် မြက်ရိတ်ရပြီး ကိုးတန်းဖြေပြီးချိန် ဦးလေးနှင့် ပေကျင်းလိုက်၍ စားသောက်ဆိုင်တွင် အငတ်ခံငွေစုခဲ့ရာမှ အဖေ့အကြွေးဆပ်ပေးခဲ့ရကာ စားဖိုမှူးအိပ်မက်ရှိခဲ့ပြီး My Hero သီချင်းဆိုပြိုင်ပွဲအဆင့်ခြောက်ရကာ ဂူဟန်ပြည်နယ် လူကြိုက်အများဆုံးဆုရခဲ့သည်။

ကုမ္ပဏီတစ်ခုမှ အခွေထုတ်ပေးခဲ့သော်လည်း မန်နေဂျာက ဆွဲချခံ၍ အဘိုး စိတ်ဆင်းရဲသေဆုံးခဲ့ပြီး မခံချင်စိတ်နှင့်ကြိုးစား၍ ပေကျင်းရုပ်ရှင် အကယ်ဒမီဝင်ခွင့်ရကာ The Vigilantes Maslcs နှင့် ပွဲဦးထွက်ခဲ့ပြီး အနုပညာလောကတွင် ထူးချွန်ဆုများစွာ ရရှိသည်အထိဖြစ်ခဲ့ကာ ကလေးပညာရေးဆိုင်ရာ သံတမန်၊ ကျန်းမာရေး သံတမန်ဖြစ်ခဲ့ကာ အလှူအတန်းများနှင့် ပျော်နေသူဖြစ်သည်။ (SKY)



## Zhan Yi Xing @ Lay ၏ Summoned By Dunhuang ဖျော်ဖြေပွဲ ကျင်းပထား

တရုတ်အနုပညာရှင် တေးရေး၊ တေးဆို၊ အဆိုတော်၊ ထုတ်လုပ်သူ၊ ကုမ္ပဏီပိုင်ရှင်၊ EXO အဖွဲ့ဝင်ဟောင်း Zhan Yi Xing (ခေါ်) Lay က Summoned By Dunhuang ဖျော်ဖြေပွဲ ကျင်းပခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Zhan Yi Xing (ခေါ်) Lay သည် K Pop EXO အဖွဲ့မှ ထွက်ခဲ့ပြီးနောက် တရုတ်ပြည်တွင် အနုပညာလုပ်ငန်းများနှင့် အောင်မြင်နေ၍ Street Dance of China တွင်လည်း အကနည်းပြအဖြစ် တာဝန်ယူကာ တရုတ်ရိုးရာယဉ်ကျေးမှုနှင့် ခေတ်ပေါ်အကကို အဓိက စိတ်ဝင်စားခဲ့သူဖြစ်သည်။

Zhan Yi Xing ၏ အဆိုပါ ဖျော်ဖြေပွဲသို့ ထိပ်တန်းအနုပညာရှင် Xiao Zhan က ပန်းစည်းလက်ဆောင်နှင့်အတူ စာလွှာပါးခဲ့ရာ 'သို့ ရီရှင်း Musical Drama Summoned By Dunhuang ဖျော်ဖြေတင်ဆက်မှု အဆင်ပြေချောမွေ့ပါစေ Xiao Zhan' ဟူ၍ အားပေးထားသည်ကိုတွေ့ရပြီး သူတို့နှစ်ဦးခင်မင်မှုကို ပရိသတ် နှစ်သက်နေကြသည်။

(SKY)



## Out Taker ၂၀၂၄ ခုနှစ် ထွက်ရှိထားသည့် Psychogical Thriller အမျိုးအစားဖြစ်

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် Out Taker ရုပ်ရှင်မှာ Psychogical ဇာတ်ကားအမျိုးအစား(စိတ်ပညာလှို့ဝှက်သည်းဖို)



ဇာတ်ကားဖြစ်ပြီး ဇာတ်ကောင်၏ အတွင်းစိတ်တိုက်ပွဲအကြောင်း အသားပေး တင်ဆက်ထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် သားဖြစ်သူ သေဆုံး၍ စိတ်နှလုံးကြေကွဲနေသည့် ဖနီးမောင်နံက ဖွန်ဘီဆန်ဆန် ရောဂါပိုးကူးစက်မှုမှ ထွက်ပြေးကြပုံနှင့် အဓိကဇာတ်ကောင်၏ အတွင်းစိတ်တိုက်ပွဲကို အသားပေး တင်ဆက်ထားကြသည်။

အကြောက်တရားနှင့် စိတ်ရှုပ်ထွေးမှုများ ရောပြွန်းထားသည့် ဇာတ်ကောင်အခြေပြုကာ မိသားစုဆက်ဆံရေးပြဿနာကို ဇာတ်အိမ်တည်ထား၍ မတူထူးခြားသော ရသကို ပေးစွမ်းနိုင်ခဲ့သည်။ (SKY)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# ပြခန်းစုစုပေါင်း ၈၀ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၁ မျိုး ပေးအပ်ချီးမြှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ သို့ ✢





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မဟာယူနိုက်တက်ကို အနိုင်ယူကာ လေးပွဲမြောက် နိုင်ပွဲရခဲ့သည့် ဒဂုံပေါ့အသင်း

ယနေ့ညနေက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် ဒဂုံပေါ့အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် ဒဂုံပေါ့အသင်းက ၃ ဂိုး၊ ၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

မဟာယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဒဂုံပေါ့အသင်းဘက်သို့ သိသာစွာ ထိုးဖောက်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် ဦးဆောင်ဂိုး စတင်ရခဲ့သည်။ ပထမပိုင်းအပြီးတွင် မဟာယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒုတိယပိုင်း ဒဂုံပေါ့အသင်းမှ တိုက်စစ်မှူး မိုဝူကိုနှင့် ကစားသမားအချို့ကို လူစားလဲပြီးနောက် ဒဂုံပေါ့အသင်း ခြေစွမ်းသိသာစွာ ပိုကောင်းခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် ဒဂုံပေါ့အသင်း ချေပဂိုးရခဲ့ပြီး မဟာယူနိုက်တက် နောက်ခံလူ တိုးဆက်နိုင်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၇၄ မိနစ်တွင် ဒဂုံပေါ့အသင်းက ဦးဆောင်ဂိုးရခဲ့ပြီး မိုဝူက သွင်းယူပေးခဲ့သည်။ သုံးမိနစ်အကြာတွင် မဟာယူနိုက်တက်က ချေပဂိုးပြန်ရခဲ့ပြီး သက်နိုင်က သွင်းပေးခဲ့သည်။ ဒဂုံပေါ့အသင်းအတွက် အနိုင်သေချာစေမည့်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် လရောင်က သွင်းယူပေးခဲ့သည်။ ပွဲအပြီးတွင် ဒဂုံပေါ့အသင်းက မဟာယူနိုက်တက်ကို ၃ ဂိုး၊ ၂ ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။ (NGB)



## ဟာလန်း မန်ချက်စတာစီးတီးအသင်းနှင့် ၂၀၃၄ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မန်ချက်စတာ ဇန်နဝါရီ ၁၇**

မန်ချက်စတာစီးတီးအသင်းသည် အသင်း၏ အဓိက တိုက်စစ်မှူး ဟာလန်းအား ၂၀၃၄ ခုနှစ်အထိ နှစ်ရှည်သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက စာချုပ်သက်တမ်းတိုးစာချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၆ ပွဲကစားကာ ၁၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော်အသင်းနဲ့ နှစ်ရှည်သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူတူ အောင်မြင်မှု ဆုဖလားတွေများစွာ ဆွတ်ခူးရရှိနိုင်အောင်လည်း အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

မန်ချက်စတာစီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၁ ပွဲကစားအပြီးတွင် ရမှတ် ၃၅ မှတ်ဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်လျက်ရှိသည်။ (NGB)

